

ADRA

# Mingalaba
# မင်္ဂလာပါ

131 | OCTOBER 22

## နော်ဖော၏ ဇာတ်ကြောင်း

ရပ်ရွာဆရာများအား ပညာရေးအထောက်အပံ့ပေးခြင်း

Mingalaba
မင်္ဂလာပါ
အတွဲ ၃၁ | အောက်တိုဘာ ၂၀၂၂

## မာတိကာ

၂ ဆောင်းပါး
မျက်နှာဖုံးဓာတ်ပုံ
အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး
သတင်းစကား

၄ သတင်းစကား
မီဒီယာမှ
ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း

၅ ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း
ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်းအချက်အလက်များ

၁၀ အလုပ်ခေါ်စာများ/ တင်ဒါခေါ်ယူမှုများ
ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

## အယ်ဒီတာအဖွဲ့



မျက်နှာဖုံးဓာတ်ပုံ

ယခုလအတွက် မျက်နှာဖုံးဓာတ်ပုံမှာ SEAQE2 စီမံကိန်းမှ အကျိုးခံစားခွင့်ရှိသူ မနော်ဖောပင် ဖြစ်သည်။

Photo: © 2022 ADRA Myanmar| KTWG

အယ်ဒီတာ/ ဘာသာပြန်
Pyae Phyo Lin

ကြီးကြပ်မှုအယ်ဒီတာ
Vitalie Zegera

ပံ့ပိုးအားဖြည့်ပေးသူများ
Nilar Win Naing, Naw Mu Mu Saw, Nang Nom Hsaing, Kap Khan Mung, Moe July Aung, David Cung Lan Thang , Aung Cho Min, Saw Dawait.

ထုတ်ဝေသူ
ADRA Myanmar

ADRA

‘ မင်္ဂလာပါ ’ သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်းသတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။

ဆောင်းပါး



## ရပ်ရွာဆရာများအား ပညာရေးအထောက်အပံ့ပေးခြင်း

အသက် ၂၁ နှစ်အရွယ် ဆရာမ နော်ဖောသည် လက်ရှိ ကရင်ပြည်နယ်တွင် မူလတန်းနှင့် အထက်တန်းများကို သင်ကြားပေးနေသူဖြစ်သည်။ သူမအနေဖြင့် ရပ်ရွာကျောင်းများတွင် ၂ နှစ်ကြာ သင်ကြားခဲ့ပြီး KTWG/SEAQ2 စီမံကိန်းမှ ဆရာအတတ်သင် သင်တန်းလေးကြိမ် ရရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် Norad နှင့် ADRA Norway မှ ထောက်ပံ့သော SEAQE2 စီမံကိန်းမှတစ်ဆင့် သူမသည် “Teacher Summer Vacation Training”

ကို တက်ရောက်နိုင်ခဲ့သည်။ အဆိုပါသင်တန်းသည် ကရင်ပြည်နယ်ရှိ ဆရာ၊ ဆရာမများ အထူးသဖြင့် ကျေးလက်ဒေသမှ ဆရာများအား အသိပညာ အတတ်ပညာများနှင့် ထိရောက်စွာ သင်ကြားပေးနိုင်ရန်အတွက် အမျိုးမျိုးသော သင်ကြားရေး အစီအစဉ်များကို ပို့ချပေးနိုင်ခဲ့သည်။

ဆရာ၊ ဆရာမများအတွက် အထောက်အပံ့ပေးသည့် SEAQE2 စီမံကိန်းမှ စီစဉ်ကျင်းပသည့် နွေရာသီ အသက်မွေးဝမ်းကြောင်းသင်တန်းကို တက်ရောက်ခြင်းမှ သင်ကြားရေးနည်းလမ်းအသစ်များကို သင်ယူနိုင်ခဲ့သည်။

“ဆရာ လေ့ကျင့်ရေး အစီအစဉ်တွေက သင်ရိုးညွှန်းတမ်းတွေကို ဆန်းသစ်စေပြီး အသိပညာဗဟုသုတတွေတိုးလာဖို့ ကျွန်မတို့လိုဆရာ၊ဆရာမတွေအတွက် နည်းလမ်းအသစ်တွေနဲ့ ပံ့ပိုးပေးနိုင်ပါတယ်။ ဒီနွေရာသီအားလပ်ရက် လေ့ကျင့်ရေး အစီအစဉ်မှာလည်း ပျော်ရွှင်စရာ သင်ကြားနည်းအသစ်တွေကို သင်ယူခဲ့ရပါတယ်”

သူမ၏ ယခင်က ပထမဆုံးစာသင်ကြားမှု အတွေ့အကြုံတွင် အခက်အခဲအချို့ကြုံတွေ့ခဲ့ရသည်။ ယခုအခါ သင်တန်းအစီအစဉ်တွင်ပါဝင်ပြီးနောက် သူမအနေဖြင့် သင်ကြားရေးနှင့် ပတ်သက်သော အသိပညာ၊ ဗဟုသုတများကို ရရှိခဲ့ပြီး ကျောင်းသားများ၏ စာသင်ယူမှုတို့ကိုလည်း ပိုမိုတိုးတက်လာစေရန် တွန်းအားပေးနိုင်ခဲ့သည်။

ထို့ပြင်သင်တန်း၏ မတူညီသော သင်ယူမှုသင်ခန်းစာများမှ ထိရောက်သော လေ့ကျင့်သင်ကြားမှုနှင့် သင်ယူမှုနည်းလမ်းများအကြောင်းကိုလည်း ပိုမိုလေ့လာခွင့်ရရှိသည့်အပေါ်တွင်လည်း သူမအနေဖြင့် ပျော်ရွှင်ဝမ်းမြောက်ဖြစ်ခဲ့ရသည်။ သူမ၏ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း စိတ်အားထက်သန်ပြီး သူမ၏ စာသင်ခန်းအတွင်း ဆွေးနွေးမှုများတွင် ပါဝင်ခဲ့ကြသည်။

သင်တန်းမှတစ်ဆင့် သူမရရှိခဲ့သော သင်ကြားရေးဆိုင်ရာ အသိပညာဗဟုသုတများသည် နောင်အခါ စာသင်ကျောင်းများတွင် ထိရောက်သော သင်ကြားမှုကိုမြှင့်တင်ရာတွင် တစ်ဖက်တစ်လှမ်းမှနေ၍ အထောက်အကူဖြစ်စေမည်ဟု သူမအနေဖြင့် ယုံကြည်ထားသည်ဖြစ်သည်။

> “ဆရာတွေအနေနဲ့ ကျောင်းသားတွေရဲ့ သင်ယူမှုကို နှိုးဆော်ပေးနိုင်ဖို့ ပိုမိုကောင်းမွန်တဲ့ သင်ကြားရေး နည်းလမ်းတွေကို သင်ယူကြရမှာလည်းဖြစ်ပါတယ်။ ကောင်းမွန်တဲ့ သင်ကြားရေးအလေ့အကျင့်တွေနဲ့ အပြုသဘောဆောင်တဲ့ သင်ယူမှုပတ်ဝန်းကျင်က ကျောင်းသားတွေရဲ့အရည်အချင်းအဆင့်တွေကို ပံ့ပိုးကူညီပေးနိုင်တဲ့အပြင် ဆရာတစ်ဦးအနေနဲ့လည်း တိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါတယ်”

## သတင်းစကား



### ဘုရားသခင်၏ အလိုတော်အတိုင်း

ကျွန်ုပ်တို့အနေနဲ့ ကြွယ်ဝခြင်းနှင့် ကောင်းမြတ်ခြင်းတို့အတွက် ဖန်ဆင်းခြင်းခံခဲ့ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ပြောပြပြီး လူသားများအဖြစ် ခေါ်ဆိုခြင်းဖြစ်သည်။ သမ္မာကျမ်းစာအရ– အချင်းတို့ များပြားစွာမွေးဖွားကြလော့ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုလည်းကောင်း မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း အသက်ရှင်၍ မြေပေါ်မှာလှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၏ သူတို့ကို ကောင်းကြီးပေးတော်မူ၏။ (ကမ္ဘာဦးကျမ်း ၁:၂၈)

ပေါများသောအသက်ရှင်ရန် ရည်ရွယ်ချက်ဖြင့် လူသားများကို ဖန်ဆင်းခဲ့သည်။ အသီးအနှံများနှင့် ကြီးထွားလာမှု တိုးပွားလာမှုနှင့် တိုးချဲ့ခြင်းတို့အပြင် ဖွံ့စည်းပုံအားလုံးမှာလည်း ဘုရားသခင်၏ အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ ယင်းတွင် လူ့အဖွဲ့အစည်းအပေါ် ထိန်းကျောင်းမှုနှင့် သဘာဝလောကတရားကို ဂရုစိုက်မှုတို့လည်း ပါဝင်နေသည်။ ကျွန်ုပ်တို့တစ်ဦးစီတိုင်းသည် ဘုရားသခင်၏ မူလရည်ရွယ်ချက်ကို စိတ်အတွင်းထဲ၌ ခံစားမှုရရှိသောကြောင့်ပင် ဖြစ်ပေသည်။

ဘုရားသခင်သည် ငတ်မွတ်သောသူတို့အတွက် ပေးသော ကျွန်ုပ်တို့၏လက်ဆောင်များကိုသာမက ကျွန်ုပ်တို့၏ရွှင်လန်းသောမျက်နှာ၊ ကျွန်ုပ်တို့၏မျှော်လင့်ချက်ရှိသောစကားလုံးများ ဖြင့် သော် လည်းကောင်း ပြုမူဆက်ဆံသင့်ပါသည်။ ခရစ်တော်သည် ဖျားနာသူတို့ကို ကုသပေးသောအခါ၊ သူတို့အပေါ်၌ လက်တော်ကို တင်တော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့ အကျိုးအဖို့အလို့ငှာ လုပ်ဆောင်ပေးသောသူများနှင့် နီးကပ်ရင်းနှီးစွာ ဆက်ဆံသင့်ပါသည်။

ယနေ့ကျွန်ုပ်တို့ကမ္ဘာတွင် မတူညီသောရည်ရွယ်ချက်များရှိသည်။ ADRA ၏ရည်ရွယ်ချက်မှာ "ဘုရားသခင်ရည်ရွယ်ထားသည့်အတိုင်း ကျွန်ုပ်၏ဘဝတစ်လျှောက်လုံး လူသားမျိုးနွယ်ကိုအစေခံရန်ဖြစ်သည်။"

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့်လည်း ADRA တွင် ရိုးသားမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ဝတ္တရားများဖြင့် လုပ်ဆောင်ကြပါစို့။

Justice
Compassion
Love

www.adramyanmar.org

## ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း



## HSU MYAT NOE OO

Audit Assistant | Yangon Head Office

**Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
တရုတ်– ဗမာလူမျိုးပါ

**Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
ဒန်ပေါက်၊ မုန့်ဟင်းခါး

**Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
မိုးပြာရောင်

**Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
အိပ်ရတာနဲ့ ကိုရီးယားဇာတ်လမ်းတွဲတွေကြည့်ရတာ ကြိုက်နှစ်သက်ပါတယ်

Q5 ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားလည်ချင်ပါသလဲ။

California, Korea

Q6 ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။

Introvert

Q7 ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။

ဇွန်လ ၂၀၂၂ ခုနှစ်

Q8 ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။

ပရော်ဖက်ရှင်နယ်တွေနဲ့ အတူတကွလုပ်ကိုင်ရတာကြောင့် ကြိုက်နှစ်သက်ပါတယ်။

## ယခုလအတွက် ဓာတ်ပုံ




ဓာတ်ပုံ

Htay Htay Myint, Livelihood Officer, BRIGHT Project

ဓာတ်ပုံ၏အကြောင်း

Global Affairs Canada နှင့် ADRA Canada တို့က ရန်ပုံငွေထောက်ပံ့ထားသော BRIGHT စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လားရှိုးမြို့နယ်ရှိ ရွာသူရွာသားများအား ဆပ်ပြာထုတ်လုပ်ရာတွင်လိုအပ်သည့် ပစ္စည်းကိရိယာများ ဖြန့်ဝေခဲ့သည်ကို တွေ့ရစဉ်။

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်းဆောင်ရွက်နေသော VESI စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– အဆိုပါစီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် Batch 10 အတွက် ၃ ရက်တာ သင်တန်းအကြိုပေးခြင်းကို ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ အခြေခံ မော်တော်ဆိုင်ကယ်၊ အဆင့်မြင့် မော်တော်ဆိုင်ကယ် ပြုပြင်ရေး၊ အခြေခံကွန်ပြူတာသင်တန်းနှင့် စက်ချုပ်သင်တန်းတို့မှ ကျောင်းသား ၁၅၈ ဦး တက်ရောက်ခဲ့သည်။

– ထို့ပြင် Batch 10 ရှိ ကျောင်းသား ၁၅၈ ဦးအား Life Skills နှင့် Business Skills 6 ရက်ကြာ သင်တန်းကို ပို့ချပေးခဲ့သည်။

– လားရှိုးမြို့တွင် ဒေသတွင်းရှိ လုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။





– Batch 10 သက်မွေးဝမ်းကျောင်းပညာသင်တန်းများ ပို့ချခြင်းအတွက် သင်တန်းဆရာ/လုပ်ငန်းရှင်များထံသို့ သင်တန်းကြေးပေးချေရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။

– သင်တန်းပြီးဆုံးသော ကျောင်းသား ၁၈ ဦးအား ၎င်းတို့၏ အဆိုပြုလွှာနှင့် လုပ်ငန်းအစီအစဉ်များအပေါ် မူတည်၍ ကျောင်းသားတစ်ဦးလျှင် ကျပ် ၅၀၀,၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ စတင်ပေးအပ်ခဲ့သည်။

## BRIGHT

ယခုလတွင် Global Affairs Canada နှင့် ADRA Canada တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော BRIGHT စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

– ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်နှင့် ကယားပြည်နယ် ဖရူဆိုမြို့နယ်တို့တွင် ဒေသခံသင်တန်းသား ၂၉ ဦးအတွက် အခြေခံအပ်ချုပ်သင်တန်းကို ကျင်းပခဲ့သည်။

ထို့ပြင်စီမံကိန်းအနေဖြင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ အကျိုးခံစားခွင့်ရှိသူ ၁၀၆ ဦးအား အစားအသောက်ပြုပြင်ရေးသင်တန်းနှင့် ဆပ်ပြာချက်သင်တန်းများ ပို့ချပေးခဲ့သည်။

– ကယားပြည်နယ် လွိုင်ကော်မြို့တွင်လည်း ၃ ရက်ကြာ အိမ်တွင်းစိုက်ပျိုးရေးဆိုင်ရာ သင်တန်းကို သင်တန်းသား ၂၀ ဦးအား ပို့ချပေးခဲ့သည်။










# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ







## ELACAP

ELACAP စီမံကိန်းသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့က ရန်ကုန်မြို့တွင် စီမံကိန်းပြီးစီးမှု အစည်းအဝေးကို အောင်မြင်စွာ ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးကို ရန်ကုန်မြို့ရှိ Novotel Hotel တွင် ကျင်းပပြုလုပ်ခဲ့ပြီး ADRA Myanmar မှ ဝန်ထမ်းများနှင့် စီမံကိန်းဝန်ထမ်းများအပါအဝင် စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့သည်။

စီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော CIDKP မှ ကိုယ်စားလှယ်နှစ်ဦးနှင့် KDHW မှ တာဝန်ရှိသူတစ်ဦးတို့ကလည်း အသီးသီးတက်ရောက်ခဲ့သည်။

ယင်းအခမ်းအနားတွင် တက်ရောက်လာသူများ စာရင်းသွင်းခြင်း၊ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း မိတ်ဆက်ခြင်း၊ စီမံကိန်း အကောင်အထည်ဖော်မှုနှင့် စီမံကိန်းပြန်လည်သုံးသပ်ခြင်းဆိုင်ရာ တင်ပြချက်များ ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ReCAP စီမံကိန်းအတွက်လုပ်ငန်းအစီအစဉ်များ တင်ပြဆွေးနွေးခြင်းတို့ပါဝင်ခဲ့သည်။






## CASE2Learn

ဥရောပသမဂ္ဂက ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် RISE ၊ ADRA UK နှင့် ADRA Germany တို့နှင့် အတူပူးပေါင်းဆောင်ရွက်နေသော CASE2Learn စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

TEI; FPC နှင့် ဝန်ထမ်းများသည် TEES သင်တန်းသား ၂၀ ဦး အတွက် TEES အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ NFE နှင့် အမျိုးသမီးစာတတ်မြောက်ရေး သင်တန်းများအတွက် ဆရာအသစ်များ ခေါ်ယူရန်ဖြစ်သည်။

RISE ဝန်ထမ်းများသည် MTTs နှင့် SMAs အတွက် Kobo Toolbox ဆော့ဖ်ဝဲလ်အသုံးပြုမှုအား ၃ ရက်ကြာ လေ့ကျင့်သင်တန်းပေးခဲ့သည်။ အဆိုပါသင်တန်းသို့ RISE Network အတွင်းရှိ မိတ်ဖက်အဖွဲ့အစည်း ၁၂ ခုမှ သင်တန်းသား စုစုပေါင်း ၉၆ ဦး တက်ရောက်ခဲ့သည်။





# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## SEAQE2

ယခုလတွင်၊ Norad နှင့် ADRA နော်ဝေမှရန်ပုံငွေ ထောက်ပံ့ထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

– Batch 2/2022 ရက်တိုသင်တန်းအစီအစဉ်မှ အောင်မြင်စွာ ပြီးဆုံးခဲ့သော ကျောင်းသားကျောင်းသူ ၁၄၉ ဦး အတွက် သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။ ကျောင်းသား၁၄၉ ဦးအနက် ၁၁၉ ဦးသည်လည်း အလုပ်သင် ရက် ၂၀ အစီအစဉ်ကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

– Batch 3/2022 ရက်တိုသင်တန်းတွင် စာရင်းပေးသွင်းထားသော ကျောင်းသားကျောင်းသူ ၁၄၀ ရှိပြီး ယင်းသင်တန်းဖွင့်ပွဲအခမ်းအနားကိုလည်း တစ်ပါတည်းကျင်းပခဲ့သည်။ ရက် ၄၀ ကြာလေ့ကျင့်သင်ကြားမှုကို အောက်တိုဘာလ ၃ ရက်နေ့မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ KECD နှင့် MVA သင်တန်းစင်တာနှစ်ခုလုံးတွင် ပြုလုပ်သွားမည်ဖြစ်သည်။

## SEAQE2

– NFE ဆရာ ၃ ဦးအတွက် ဒုတိယအကြိမ်မြောက် NFE ဆရာဖြစ်သင်တန်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါသင်တန်းကို SEAQE2 စီမံကိန်းဝန်ထမ်းများက ဦးစီးကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများသည် နေ့စဉ်အသုံးချနေရသော သင်ကြားမှုဗျူဟာများနှင့် မဟာဗျူဟာတစ်ခုစီတွင် ထိရောက်သောသင်ခန်းစာစီစဉ်ခြင်းနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ မတူညီသောအကျိုးသက်ရောက်မှုများနှင့် သင်ကြားရေးဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်၍ အကျိုးကျေးဇူး ရရှိခဲ့ကြသည်။

– PTA သင်တန်းကိုလည်း ACS ကျောင်း ၉ ကျောင်းမှ သင်တန်းသား ၂၄၂ ဦးအတွက် အောက်တိုဘာလ ၂၆ ရက်နေ့မှ ၃၁ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ပေးခဲ့သည်။















## WCP

UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော WCP စီမံကိန်းသည် ယခုလအတွင်း အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

 – လှိုင်းဘွဲမြို့နယ်တွင် ရပ်ရွာလူထု ၂၉ ဦးနှင့် အချင်းချင်းအပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုစွမ်းရည်သင်တန်းကို ပြုလုပ်ခဲ့သည်။

– ဘာသာပေါင်းစုံ ဆွေးနွေးပွဲကို လှိုင်းဘွဲမြို့နယ်တွင် ရပ်ရွာအဖွဲ့ဝင် ၁၀၂ ဦးဖြင့် ကျင်းပခဲ့ပြီး CSO များဖြစ်သော ရေစီမံခန့်ခွဲမှုကော်မတီဝင် ၁၅ ဦးအား စည်းရုံးရေးစွမ်းရည်ဆိုင်ရာသင်တန်း ပို့ချပေးခဲ့သည်။

– တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေး ကျွမ်းကျင်မှုသင်တန်းကို မြဝတီမြို့နယ်တွင် ဒေသခံ လူငယ် ၁၉ ဦးအား ပို့ချပေးခဲ့သည်။ ယင်းသို့ လေ့ကျင့်သင်ကြားထားသော လူငယ်များသည် ၎င်းတို့၏ စီမံကိန်းအဓိကဆောင်ရွက်မည့် ရပ်ရွာများတွင် တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာများကို တဖန်ပြန်လည်ဖြန့်ဝေနိုင်ရန် ပြင်ဆင်ခဲ့ကြသည်။

အလားတူ လှိုင်းဘွဲမြို့နယ်တွင် ရေစီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းခြင်း၊ အစည်းအဝေးနှင့် ရပ်ရွာလူထု ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။







## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် တောင်သူသင်တန်းကျောင်း သင်တန်းကို ပို့ချပေးခဲ့သည်။

ချင်းပြည်နယ်မှ ကျန်ရှိသော စီမံကိန်းကျေးရွာသုံးခုတွင် တောင်သူသင်တန်းကျောင်း သင်တန်းကို ပြုလုပ်ခဲ့သည်။ သင်ကြားမှုတွင် ပါဝင်သော သီးနှံများမှာ ထောပတ်သီး၊ သံပုရာသီးနှင့် ကော်ဖီတို့ ဖြစ်သည်။

အဆိုပါသင်တန်းတွင် အပင်အမြင့်နှင့် အရွက်များ၏ အရွယ်အစားအပါအဝင် အပင်ကြီးထွားမှုစသည့်တို့ကို အဓိကထားလေ့လာခဲ့ကြသည်။ ယင်းသင်တန်းသို့ တောင်သူ ၃၃ ဦး တက်ရောက်ခဲ့သည်။

ကျေးရွာအခြေပြု စေတနာ့ဝန်ထမ်းများ၏ ကြီးကြပ်မှုအောက်တွင် အိမ်တွင်းစိုက်ပျိုးရေးတွင် ပါဝင်သူများမှ စိုက်ပျိုးရေးဆိုင်ရာ မြေဆီလွှာပြင်ဆင်မှုကို ထပ်မံပြုလုပ်ခဲ့သည်။ ယင်းလှုပ်ရှားမှုအစီအစဉ်တွင် စုစုပေါင်း တောင်သူ ၆၀ ဦးပါဝင်ဆောင်ရွက်ခဲ့သည်။









## အလုပ်ခေါ်စာများနှင့် တင်ဒါခေါ်ယူမှုများ

အောက်ဖော်ပြပါရာထူးများနှင့် ပတ်သက်၍ မည်သို့လျှောက်ထားရမည်ကို အသေးစိတ် သိရှိနိုင်ရန် **www.adramyanmar.org/jobs** တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: www.adramyanmar.org

**ADRA Myanmar** အနေဖြင့် လိမ်လည်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ကလေးသူငယ်များကို ထိပါးနှောင့်ယှက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝလက်ခံသည်မဟုတ်ပါ။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍လည်း **www.adramyanmar.org/report** တွင် ပေးပို့တင်ပြနိုင် ပါသည်။


# ဝန်ထမ်းသစ် မိတ်ဆက်



**NAW SHWE WUTT HMONE**
Health Officer
ReCAP Project



**NANDAR HLAING**
Health Officer
ReCAP Project



**PHYU LAE WIN**
Health Officer
ReCAP Project



**KYAW SAN OO**
Health Officer
ReCAP Project



**KO KO AUNG**
Health Officer
ReCAP Project

# CALENDAR



## NOVEMBER 2022

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 Tazaungdine Holiday | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 National Day | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | | | |

### UPCOMING EVENTS

Timesheets are due on the 25th of each month

Holidays:
November 7 - Tazaungdine Holiday

November 17 - National Day

**'MINGALABA'**
Next Volume:
15 December 2022

ADRA